၁၁-၉-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန် (တစ်ပြည် ) | | | ဆီ (တစ်ပိဿာ ) | | စက်သုံးဆီ (တစ်လီတာ ) | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား ) | ဒေါ်လာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | Octane ၉၅ | Octane ၉၂ | ဒီဇယ် (ရိုးရိုး ) | အဆင့်မြင့်ဒီဇယ် | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | မြစ်ကြီးနား | ၃၄၀၀ | | ၉၀၀၀ | ၂၆၀၀၀ | ၉၉၃၀ | ၄၅၆၀ | ၄၅၀၅ | - | ၄၈၃၀ | ၇၉၀၀၀၀၀ | |
| ၂ | လားရှိုး | ၅၃၀၀ | | ၈၃၀၀ | | ၈၄၄၅ | ၃၁၇၀ | ၃၀၀၅ | ၂၇၂၀ | ၃၃၃၀ | ၇၉၀၀၀၀၀ | |
| ၃ | ကျိုင်းတုံ | ၅၂၀၀ | | ၇၈၀၀ | ၂၁၀၀၀ | - | ၃၉၀၀ | - | ၃၉၀၀ | - | ၇၇၁၀၀၀၀ | |
| ၄ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၇၄၀၁ | ၃၁၃၅ | ၃၀၇၀ | ၂၆၈၅ | ၃၂၉၅ | ၇၇၆၀၀၀၀ | |
| ၅ | လွိုင်ကော် | ၃၅၀၀ | | ၄၅၀၀ | ၂၀၀၀၀ | ၇၁၀၀ | ၃၁၅၅ | ၃၀၉၀ | ၂၇၀၅ | ၃၃၁၅ | ၇၉၂၀၀၀၀ | |
| ၆ | ဘားအံ | ၃၂၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၁၅၀ | ၃၀၉၅ | ၃၀၃၀ | ၂၆၅၀ | ၃၂၆၀ | ၇၂၅၀၀၀၀ | |
| ၇ | မော်လမြိုင် | ၂၅၀၀ | | ၄၈၀၀ | ၂၀၀၀၀ | ၇၀၃၀ | ၃၁၀၀ | ၃၀၃၅ | ၂၆၅၀ | ၃၂၆၀ | ၇၈၀၀၀၀၀ | |
| ၈ | ထားဝယ် | ၃၂၀၀ | | ၅၅၀၀ | ၂၂၀၀၀ | ၇၃၅၀ | ၃၁၄၅ | ၃၀၈၀ | ၂၆၉၅ | ၃၃၀၅ | ၇၉၈၀၀၀၀ | |
| ၉ | မြိတ် | ၃၁၀၀ | | ၅၇၀၀ | ၂၂၀၀၀ | ၇၅၀၀ | ၃၀၅၀ | ၂၉၅၀ | ၃၁၀၀ | ၃၁၅၀ | ၇၉၈၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၁၅၀၀ | ၆၉၀၀ | ၃၀၁၀ | ၂၉၄၅ | ၂၅၆၀ | ၃၁၇၀ | ၇၈၅၀၀၀၀ | ၂၁၀၀ |
| ၁၁ | ပုသိမ် | ၃၀၀၀ | | ၄၈၅၀ | ၂၁၀၀၀ | ၇၁၅၀ | ၃၀၈၀ | ၃၀၁၅ | ၂၆၃၀ | ၃၂၄၀ | ၇၉၄၀၀၀၀ | |
| ၁၂ | စစ်တွေ | | | | | | | | | | | |
| ၁၃ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၃၄၁၀ | ၃၃၄၅ | ၂၉၆၅ | ၃၅၇၀ | ၇၆၅၀၀၀၀ | |
| ၁၄ | မုံရွာ | ၃၅၀၀ | | ၆၈၀၀ | ၁၅၀၀၀ | ၇၃၅၀ | ၃၁၆၀ | ၃၀၉၅ | ၂၇၁၀ | ၃၃၂၀ | ၇၈၃၀၀၀၀ | |
| ၁၅ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၇၆၂၅ | ၃၁၂၀ | ၃၀၅၅ | ၂၆၇၅ | ၃၂၈၀ | ၇၈၄၀၀၀၀ | |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၇၆၂၀ | ၃၁၃၀ | ၃၀၆၅ | ၂၆၈၀ | ၃၂၉၀ | ၇၇၈၀၀၀၀ | |
| ၁၇ | မကွေး | ၃၂၀၀ | | ၆၄၀၀ | ၁၄၅၀၀ | ၇၄၈၅ | ၃၁၃၀ | ၃၀၆၅ | ၂၆၈၀ | ၃၂၉၀ | ၇၇၁၀၀၀၀ | |
| ၁၈ | ပြည် | ၂၇၅၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၂၇၈ | ၃၀၄၁ | ၂၉၆၁ | ၂၅၈၆ | ၃၁၉၆ | ၇၈၀၀၀၀၀ | |
| ၁၉ | ပဲခူး | ၂၇၅၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၂၇၈ | ၃၀၂၅ | ၂၉၆၀ | ၂၅၇၅ | ၃၁၈၅ | ၇၈၀၀၀၀၀ | |
| ၂၀ | ပျဉ်းမနား | ၂၈၀၀ | | ၆၀၀၀ | ၁၆၂၀၀ | ၇၂၇၅ | ၃၀၉၀ | ၃၀၂၅ | ၂၆၄၀ | ၃၂၅၀ | ၇၉၀၀၀၀၀ | |
| ၂၁ | နေပြည်တော် | ၂၈၀၀ | | ၆၀၀၀ | ၁၆၄၀၀ | ၇၂၇၅ | ၃၀၉၀ | ၃၀၂၅ | ၂၆၄၀ | ၃၂၅၀ | ၇၉၀၀၀၀၀ | |
| ၂၂ | ကလေး | ၃၂၀၀ | | | ၂၁၀၀၀ | ၉၀၀၀ | ၄၁၆၀ | ၄၀၉၅ | ၃၇၁၀ | ၄၃၂၀ | ၇၅၀၀၀၀၀ | |

Source: ပြည်တွင်းဌာနခွဲ

# The Consumer Affairs News Letter

Monthly News Letter | August 2025 | Department of Consumer Affairs

## စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ





စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်၊ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးရန်နှင့် အတည်ပြုဆုံးဖြတ်ပေးရန်တို့အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၁) ဖြင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စားသုံးသူရေးရာကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပါသည်။ အဆိုပါ စားသုံးသူရေးရာကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အနည်းဆုံးသုံးလလျှင် တစ်ကြိမ်ကျင်းပရမည်ဖြစ်ရာ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၄-၇-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ ရှမ်းပြည်နယ်စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၈-၇-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ နေပြည်တော် စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၃-၇-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၄-၇-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ ချင်းပြည်နယ် စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၅-၇-၂၀၂၅ ရက်နေ့ တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေး

*၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်။*

*စာမျက်နှာ ၃ ကော်လံ ၁ သို့*

## သတင်းခေါင်းစဉ်များ

**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ** ၃

၁။ စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

**ပြည်တွင်း၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ** ၃

၂။ (၁၁) ကြိမ်မြောက် အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်ပါ ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်

**စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ** ၄

၃။ အွန်လိုင်းမှတစ်ဆင့် ဒူးရင်းသီးများ မှာယူမှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၄။ အွန်လိုင်းမှတစ်ဆင့် Tablet ဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၅။ Power Fiber Internet ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၆။ TV ဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၇။ ပရိဘောဂပစ္စည်းအရောင်းဆိုင် ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၈။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း CICC ရုံးများသို့ တိုင်ကြားလာမှုအခြေအနေ

**ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ** ၉

၉။ တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

၁၀။ ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

၁၁။ Online Sale မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

၁၂။ ၂၀၂၅ခုနှစ်၊ ဇူလိုင်လအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

၁၃။ ၂၀၂၅ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသားစိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

**စားသုံးသူအသိပညာပေးရေးကဏ္ဍ** ၁၈

၁၄။ တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၅။ ပြည်နယ်များအတွင်း စားသုံးသူအသိပညာပေးဟောပြောပွဲများ ကျင်းပ

၁၆။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှု

**သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ** ၂၃

၁၇။ ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ

**ကုန်သွယ်မှုကဏ္ဍ**

၁၈။ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာဈေးနှုန်းများ



*စာမျက်နှာ ၂၂ မှအဆက်*

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ကျိုင်းတုံမြို့ရှိ Polytechnic University၊ ရပ်ကွက် (၄)၊ မြို့သစ်ရပ်ကွက်၊ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊ တာလေမြို့၊ နားယောင်းကျေးရွာအုပ်စု နာအွန်ကျေးရွာနှင့် ချိုခမ်းကျေးရွာတို့ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဦးစီးကျင်းပသော သင်တန်းများမှ သင်တန်းသူများနှင့် ပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာဟောပြောခဲ့ကြောင်း၊ ထို့အပြင် နမ့်စန်မြို့ပေါ်ရှိ သောက်ရေသန့်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ကုန်အညွှန်းအမှတ်အသားဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: ပြည်နယ်ဦးစီးမှူးရုံးများ**

### ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှု

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများအနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ တားမြစ်ချက်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းတို့နှင့် စပ်လျဉ်းသည့် စားသုံးသူအသိပညာပေးလုပ်ငန်းများကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း အသိပညာပေးဟောပြောခြင်း ၂၄၇ ကြိမ်၊ လုပ်ငန်းရှင်နှင့်တွေ့ဆုံဆွေးနွေးခြင်း ၃၀၈ ကြိမ်၊ သင်တန်းဖွင့်လှစ်ပို့ချခြင်း ၁၂ ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: ပညာပေး**

## သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ

### ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ

သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး) ၏ ဓာတ်ခွဲခန်းများမှ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း လုပ်ငန်းရှင် ၅၂ ဦးက အပ်နှံလာသော သီးနှံအမျိုးအစား ၁၉ မျိုး၊ စုစုပေါင်း နမူနာအရေအတွက် ၁၂၈ ခု၊ ဓာတ်ခွဲစမ်းသပ်မှုပေါင်း ၃၇၀ ခုကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ကြောင်း၊ ထို့အပြင် လယ်ယာထွက်ကုန်ပို့ကုန်များအား တရုတ်၊ ဂျပန်၊ အမေရိကန်၊ ဩစတေးလျနှင့် စင်္ကာပူနိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ဆန်ဖြူ၊ ဆန်ကွဲ၊ ပေါင်းဆန်၊ ပြုတ်ဆန်၊ ဂျုံစေ့၊ နှမ်းညို၊ နှမ်းဖြူ၊ မြေထောက်ပဲ၊ မတ်ပဲ၊ ပဲလွန်း၊ ပဲလုံးညို၊ ပဲတီစိမ်း၊ ပဲထောပတ်၊ ပဲထောပတ်မှုန့်၊ နေကြာဖတ်၊ မြေပဲဖတ်နှင့် တိရစ္ဆာန်အစာတို့တွင် ပိုးသတ်ဆေး ဓာတ်ကြွင်းပါရှိမှု၊ မှိုဆိပ်ပါရှိမှု၊ သီးနှံဓာတုအရည်အသွေးနှင့် သီးနှံရူပအရည်အသွေးစသည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကိုလည်းကောင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှ တင်သွင်းလာသည့် စားအုန်းဆီများ၏ အရည်အသွေးများကိုလည်းကောင်း ဓာတ်ခွဲစမ်းသပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဓာတ်ခွဲခန်းအလိုက်စမ်းသပ်မှုအနေဖြင့် ပိုးသတ်ဆေးဓာတ်ကြွင်းဓာတ်ခွဲခန်းမှ ၄၇ ခု၊ မှိုဆိပ်ဓာတ်ခွဲခန်းမှ ၁၈ ခု၊ ဆီနှင့်ဆီထွက်သီးနှံဓာတ်ခွဲခန်းမှ ၂၆၈ ခု၊ သီးနှံဓာတုဓာတ်ခွဲခန်းမှ ၃၂ ခု၊ သီးနှံရူပဓာတ်ခွဲခန်းမှ ၅ ခု၊ စုစုပေါင်းဓာတ်ခွဲစမ်းသပ်မှု ၃၇၀ ခု ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: သတင်း/နည်း**

*စာမျက်နှာ ၂၁ မှ အဆက်*

မြို့သစ်ရပ်ကွက်၊ အမှတ် (၃) အ. ထ. က ကျောင်းရှိ ဆရာဆရာမနှင့် ကျောင်းသားများ၊ မိုးညှင်းမြို့ နားခါရပ်ကွက်၊ မိုးဒါးစုရပ်ကွက်နှင့် မိုးညှင်းမြို့နယ် ဘီလူးကျေးရွာရှိ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများ၊ တိုင်ကြားနိုင်မည့် နည်းလမ်းများနှင့် ဟောပြောခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးခြင်းနှင့် ပတ်သက်၍ မြစ်ကြီးနားမြို့ရှိ မန်ခိန်ရပ်ကွက်နှင့် ရှမ်းစုမြောက်ရပ်ကွက်၊ ဝိုင်းမော်မြို့ အမှတ် (၃) ရပ်ကွက်ရှိ ကုန်မျိုးစုံရောင်းချသည့်လုပ်ငန်းရှင်များ၊ မိုးညှင်းမြို့ရှိ အဝတ်အထည်နှင့် အိတ်အမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းရှင်နှင့်၊ ရန်ကင်းရပ်ကွက်ရှိ သစ်သီးဝလံအမျိုးမျိုး ရောင်းဝယ်ရေးလုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းရှင်တို့၏ တာဝန်များကို ရှင်းလင်းဆွေးနွေးအသိပညာပေးပြီး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ဘားအံမြို့ရှိ အ. မ. က (၅)၊ အ. မ. က မူလွန် (၁)၊ မူလွန် (၂)၊ မူလွန် (၄) နှင့် အ. မ. က (၇) ကျောင်းများသို့ သွားရောက်၍ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မော်လမြိုင်မြို့နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ မုဒုံမြို့နယ် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်တန်းကျောင်း၊ ညောင်ကုန်းကျေးရွာ၊ မော်လမြိုင်မြို့၊ အစိုးရနည်းပညာအထက်တန်းကျောင်း၊ ချောင်းဆုံမြို့နယ် အ. လ. က (ခွဲ)၊ ကျိုက်မရောမြို့နယ် အ. မ. က (၅) မူလွန်ကျောင်းနှင့် ကျိုက်ထိုမြို့နယ် ကံ့ကော်ရပ်ကွက်ရှိ အောင်မင်္ဂလာဘုန်းကြီးကျောင်း၊ သထုံမြို့နယ် ဘုတာလမ်းရှိ အ. မ. က ညောင်ဝိုင်းကျောင်း၊ အောက်ကျင်းရပ်ကွက်ရှိ အ. မ. က ကန်ညီနောင်ကျောင်း၊ ပေါင်မြို့နယ်ရှိ အ. မ. က ဇာကဒွန်းကျောင်း၌ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ တိုင်ကြားနိုင်သည့် နည်းလမ်းများနှင့် အွန်လိုင်းရောင်းချမှုဆိုင်ရာ အသိပညာများ ဟောပြောခဲ့ကြောင်း၊ ထို့အပြင် မော်လမြိုင်မြို့ရှိ သောက်ရေသန့်လုပ်ငန်းရှင်၊ ယိုမျိုးစုံထုတ်လုပ်သည့်လုပ်ငန်းရှင်၊ ဆီစက်လုပ်ငန်းရှင်များ၊ ချောင်းဆုံမြို့နယ် ကော့နွတ်ကျေးရွာရှိ ဝါးခမောက်လုပ်ငန်းရှင်၊ မုဒုံမြို့နယ်ရှိ အဝတ်အထည်ရောင်းဝယ်ရေး လုပ်ငန်းရှင်၊ ပေါင်မြို့နယ် ကဒါရပ်ကွက်ရှိ စားအုန်းဆီလုပ်ငန်းရှင်၊ ကျိုက်ထိုမြို့နယ် အောင်သပြေရပ်ကွက် (၄)လမ်းရှိ အွန်လိုင်းလုပ်ငန်းရှင်တို့နှင့်တွေ့ဆုံပြီး စားသုံးသူကာကွယ်ရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ ကုန်အညွှန်းအမှတ် အသားဆိုင်ရာ ဖော်ပြရမည့်အချက်များ အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ ကျိုက်မရောမြို့နယ်၊ ချောင်းဆုံမြို့နယ်နှင့် ပေါင်မြို့နယ်တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူအသိပညာပေး Talk Show ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ကယားပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** လွိုင်ကော်မြို့နယ်ရှိ အမှတ် (၁) အ. ထ. က ကျောင်းနှင့် အမှတ် (၅) အ. ထ. က ကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား စားသုံးသူအကြောင်းသိကောင်းစရာများနှင့် တိုင်ကြားနိုင်မည့် အချက်အလက်များ ဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

*စာမျက်နှာ ၂၃ ကော်လံ ၁ သို့*



## မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ

*စာမျက်နှာ ၁ မှ အဆက်*

ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၉-၇-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် မွန်ပြည်နယ် စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတို့ကို ၃၀-၇-၂၀၂၅ ရက်နေ့တွင်လည်းကောင်း ကျင်းပခဲ့ပြီး စုစုပေါင်း (၈) ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: ကော်မရှင်**

## ပြည်တွင်း၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ

### (၁၁) ကြိမ်မြောက် အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်ပါ ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်




(၁၁) ကြိမ်မြောက် အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်ပါ ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ စားသုံးသူရေးရာဌာနခွဲမှ ဘာသာရပ်တာဝန်ခံအရာထမ်းများက Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ပါသည်။

အဆိုပါညှိနှိုင်းဆွေးနွေးပွဲတွင် နိုင်ငံတကာဆက်သွယ်ရေးနှင့်စီမံကိန်း၊ ယှဉ်ပြိုင်မှုနှင့် စားသုံးသူကော်မရှင်မှ ညွှန်ကြားရေးမှူး Ms. Yvette Yoong က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ယှဉ်ပြိုင်မှုအခန်းပါ ဥပဒေဖြင့် သတ်မှတ်ထားသည့် ရပိုင်ခွင့်များ (Due Process) သတင်းအချက်အလက်လျှို့ဝှက်ထိန်းသိမ်းခြင်း (Confidentiality of Information)၊ ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (Cooperation in Competition and Consumer Protection)၊ စွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် နည်းပညာအထောက်အကူပေးရေး (Technical Assistance and Capacity Building)၊ ဘက်မလိုက်သည့် ယှဉ်ပြိုင်မှု မူဝါဒ (Competitive Neutrality) တို့နှင့်စပ်လျဉ်းသည့် စာပိုဒ်များကို အဓိကဆွေးနွေးခဲ့ကြပြီး စားသုံးသူကာကွယ်ရေးစာပိုဒ်ကို အပြီးသတ်ဆွေးနွေးခဲ့ကြောင်း၊ အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် ညှိနှိုင်းဆွေးနွေးမှုများအတွက် ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းအဆင့်အစည်းအဝေးများကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် အပြီးသတ်ဆွေးနွေးရန် လျာထားဆောင်ရွက်လျက်ရှိပြီး၊ ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးကဏ္ဍများကို အဓိကညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**Source: အာဆီယံ**

## စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ

### အွန်လိုင်းမှတစ်ဆင့် ဒူးရင်းသီးများမှာယူမှုနှင့် ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ



ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် နေ တိုင်ကြားသူတစ်ဦးသည် မွန်ပြည်နယ်၊ သထုံမြို့၊ လိပ်အင်းကုန်းဆင်း၊ မင်းလမ်းလိပ်စာဖြင့် အစားအသောက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်သော Facebook အကောင့်တစ်ခုမှ ၂၃-၇-၂၀၂၅ ရက်နေ့တွင် ဒူးရင်းသီးဝယ်ယူခဲ့ပြီး ငွေကျပ် ၅၀၀၀၀ လွှဲပေးပြီးနောက် ပစ္စည်းရောက်မလာသည့်အတွက် စားသုံးသူရေးရာဦးစီးဌာန၏ Website Complaint System မှတဆင့်တိုင်ကြားလာပါသည်။

တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှတာဝန်ရှိသူများက ၂၆-၇-၂၀၂၅ ရက်နေ့တွင် တိုင်ကြားသူပေးထားသောလိပ်စာအရ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့သော်လည်း ဒူးရင်းသီးရောင်းချသူမရှိကြောင်း၊ တိုင်ကြားခံရသည့် Facebook အကောင့်သို့ ဝင်ရောက်လေ့လာကြည့်ရာတွင် သစ်သီးအော်ဒါများအား ပစ္စည်းပေးပို့သော သုံးဘီးမောင်းသူမှ လိမ်လည်သွားသည့်အတွက် အော်ဒါတင်ထားသူများအား ၃၁-၇-၂၀၂၅ ရက်နေ့တွင် ငွေပြန်အမ်းပေးသွားမည်ဟု လုပ်ငန်းရှင်၏ Facebook စာမျက်နှာတွင် တင်ထားသည်ကို တွေ့ရှိရသည့်အတွက် တိုင်ကြားသူထံမှ လုပ်ငန်းရှင်၏ ဖုန်းနံပါတ်အား တောင်းယူ၍ဆက်သွယ်ရာ လုပ်ငန်းရှင်မှာ မန္တလေးတိုင်းဒေသကြီးတွင်နေထိုင်၍ အွန်လိုင်းဖြင့် ဒူးရင်းသီးရောင်းချနေသူဟု သိရှိရကြောင်း၊ သထုံခရိုင်ရုံးမှ တာဝန်ရှိသူက ၂၉-၇-၂၀၂၅ ရက်နေ့တွင် စီးပွားရေးလုပ်ငန်းရှင်ထံ ဆက်သွယ်ညှိနှိုင်းရာတွင် တိုင်ကြားသူသို့ ဒူးရင်းသီးဖိုး ငွေကျပ် ၅၀၀၀၀ အား ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး K Pay ဖြင့် ငွေပြန်လည်လွှဲပေးခဲ့ကြောင်း၊ တိုင်ကြားသူကလည်း K Pay ဖြင့် ငွေပြန်လည်လက်ခံရရှိပြီးဖြစ်ကြောင်း၊ စားသုံးသူများ၏ အခက်အခဲများအား အလျင်မြန်ဆုံးဖြေရှင်းပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ ဌာနမှ ဆောင်ရွက်ပေးခဲ့မှုအပေါ် ကျေနပ်မှုရှိသည်ဟု ပြောကြားခဲ့ကြောင်း၊ လုပ်ငန်းရှင်ကို အွန်လိုင်းဖြင့် အရောင်းအဝယ်ပြုလုပ်မည်ဆိုပါက တရားဝင်အွန်လိုင်းမှတ်ပုံတင်လက်မှတ်ရရှိပြီးမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မှတ်ပုံတင်မရှိဘဲ အွန်လိုင်းရောင်းဝယ်မှုပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပြီး တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

### အွန်လိုင်းမှတစ်ဆင့် Tablet ဝယ်ယူခြင်းနှင့် ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နေတိုင်ကြားသူတစ်ဦးသည် မိုဘိုင်းဖုန်းရောင်းချသည့် Page တစ်ခု၏ Chat Box မှတစ်ဆင့် IPS LCD, 1B Colours, 120 Hz, HDR10, Dolby Vision, Tablet တစ်လုံး တန်ဖိုးငွေ

*စာမျက်နှာ ၅ ကော်လံ ၁ သို့*



*စာမျက်နှာ ၂၀ မှအဆက်*

ရောင်းချခြင်းနှင့်ပတ်သက်၍ မှတ်ပုံတင်ခြင်းဆိုင်ရာအချက်များနှင့် အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ညောင်တုန်းမြို့နယ်ရှိ အ. ထ. က-၂ ကျောင်း၊ ဓနုဖြူမြို့နယ် ရေတွင်းကုန်းကျေးရွာရှိ အောင်ချမ်းသာပရဟိတဘုန်းတော်ကြီးကျောင်း၊ မအူပင်မြို့နယ်ရှိ အ. ထ. က-၂ ကျောင်း၊ ပန်းတနော်မြို့နယ်ရှိ အ. မ. က-၂ ကျောင်း၊ ရေကြည်မြို့နယ်ရှိ အ. ထ. က ကွင်းသုံးဆင့်ကျောင်း၊ လပွတ္တာမြို့နယ်ရှိ အ. မ. က ကျောင်း၊ မော်ကျွန်းမြို့နယ်ရှိ အ. လ. က ကျောင်း၊ အိမ်မဲမြို့နယ်ရှိ အ. မ. က ကျောင်း၊ မြောင်းမြမြို့နယ်ရှိ သူနာပြုသင်တန်းကျောင်းနှင့် ကျိုက်လတ်မြို့နယ်ရှိ အမှတ် (၁) အ. မ. က ကျောင်း၊ ပန်ဘဲစုကျေးရွာ အ. ထ. က (ခွဲ) ကျောင်းရှိ ကျောင်းသူကျောင်းသားများ၊ ဒေးဒရဲမြို့နှင့် ဘိုကလေးမြို့ရှိ စာဖတ်ပြည်သူများ၊ မြန်အောင်မြို့ အမှတ် (၅) ရပ်ကွက်ရှိ စားသုံးသူပြည်သူများ၊ ကြံခင်းမြို့၊ ရွာသစ်ရပ်ကွက်ရှိ ပြည်သူများအား စားသုံးသူကာကွယ်ရေးဥပဒေပါ သိကောင်းစရာများ၊ အွန်လိုင်းမှတ်ပုံတင်ဆောင်ရွက်ခြင်းဆိုင်ရာများနှင့် ပတ်သက်သည့် အခြေခံအချက်အလက်များ၊ တိုင်ကြားနိုင်သည့် နည်းလမ်းများ အသိပညာပေးဟောပြောခဲ့ကြောင်း၊




ကြံခင်းမြို့နယ်၊ မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ ဝါးခယ်မမြို့နယ်၊ ညောင်တုန်းမြို့နယ်၊ မြောင်းမမြို့နယ်နှင့် ဓနုဖြူမြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာသိကောင်းစရာ Talk Show အစီအစဉ်များကို ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ပုသိမ်မြို့ရှိ စားသုံးဆီလက်လီလက်ကား ရောင်းချသော ကိုယ်စားလှယ်လုပ်ငန်းရှင်များ၊ ပန်းတနော်မြို့ရှိ ဆီလုပ်ငန်းရှင်၊ ဖျာပုံမြို့ရှိ စားအုန်းဆီလုပ်ငန်းရှင်များ၊ ပုသိမ်မြို့ရှိ မုန့်တိုက်လုပ်ငန်းရှင်၊ ဒေးဒရဲမြို့ရှိ ကုန်မျိုးစုံလုပ်ငန်းရှင်၊ ကျုံပျော်မြို့နယ် ဆန်စက်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့်သာ ရောင်းချရေး၊ ဈေးနှုန်းမြှင့်တင် ရောင်းချမှုမရှိစေရေးနှင့် MyRO မှတ်ပုံတင်ခြင်းဆိုင်ရာ အကြောင်းအရာများ အသိပညာပေးဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: တိုင်းဒေသကြီးဦးစီးမှူးရုံးများ**

### ပြည်နယ်များအတွင်း စားသုံးသူ အသိပညာပေးဟောပြောပွဲများ ကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်ရန် စားသုံးသူပြည်သူများအား အသိပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရန်အတွက် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း ဆောင်ရွက်မှုအနေဖြင့်-

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ သီတာရပ်ကွက် အမှတ် (၅) အ. မ. က (လွန်)ကျောင်းနှင့်

*စာမျက်နှာ ၂၂ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၉ မှအဆက်*

ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနများတွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိဘပြည်သူများအားလည်းကောင်း၊ မကွေးမြို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ကျင်းပပြုလုပ်သည့် ထုတ်ပိုးမှုသင်တန်းမှ သင်တန်းသားများအားလည်းကောင်း စားသုံးသူကာကွယ်ရေးဥပဒေပါ သိကောင်းစရာများ၊ အွန်လိုင်းမှတ်ပုံတင် ဆောင်ရွက်ခြင်းဆိုင်ရာများနှင့် ပတ်သက်သည့် အခြေခံအချက်အလက်များ၊ အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ ထို့အပြင် မကွေးမြို့၊ ချောက်မြို့၊ ကံမမြို့၊ သရက်မြို့များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းအနေဖြင့် မင်းဘူးမြို့၊ စလင်းမြို့၊ ပွင့်ဖြူမြို့၊ သရက်မြို့များရှိ ဆေးနှင့်ဆေးပစ္စည်း ရောင်းချသူလုပ်ငန်းရှင်များအားလည်းကောင်း၊ မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ နတ်မောက်မြို့၊ ရေနံချောင်းမြို့များရှိ မုန့်ဟင်းခါးဖတ်လုပ်ငန်းရှင်၊ သောက်ရေသန့်၊ စားသောက်ကုန်လုပ်ငန်းရှင်များအားလည်းကောင်း၊ မကွေးမြို့၊ ပွင့်ဖြူမြို့၊ စလင်းမြို့များရှိ ဆန်ရောင်းချသည့် လုပ်ငန်းရှင်များအားလည်းကောင်း၊ မကွေးမြို့၊ ချောက်မြို့၊ တောင်တွင်းကြီးမြို့၊ ရေနံချောင်းမြို့၊ မင်းဘူးမြို့၊ ပခုက္ကူမြို့၊ ဆိပ်ဖြူမြို့များရှိ စားသုံးဆီရောင်းချသည့် လုပ်ငန်းရှင်များအားလည်းကောင်း၊ ပခုက္ကူနှင့် ဂန့်ဂေါခရိုင်အတွင်း ပခုက္ကူမြို့၊ ဆိပ်ဖြူမြို့၊ ဂန့်ဂေါမြို့များရှိ စတိုးဆိုင်၊ သောက်ရေသန့်၊ စားသောက်ကုန်လုပ်ငန်းရှင်များအားလည်းကောင်း ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းအကြောင်း၊ သတ်မှတ်ရည်ညွှန်းဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချမှုမရှိစေရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ချမ်းအေးသာစံမြို့နယ် အ. လ. က (၁၀) ကျောင်း၊ ညောင်ဦးမြို့ရှိ အ. ထ. က ကျောင်း၊ ကျောက်ပန်းတောင်းမြို့ မြို့မကွက်သစ်၊ အ. မ. က (လွန်) ကျောင်း၊ သာစည်မြို့နယ် ဆည်ကြီးကျေးရွာ၊ ရမည်းသင်းမြို့နယ် လည်သာကျေးရွာ၊ မြစ်သားမြို့နယ် နွားကူးလေးကျေးရွာ၊ စဉ့်ကိုင်မြို့နယ် အဲ့ဗျကျေးရွာ၊ ကျောက်ဆည်မြို့နယ် ဇီးပင်ဝန်းကျေးရွာတို့ရှိ စားသုံးသူပြည်သူများအား စားသုံးသူအခွင့်အရေး နစ်နာဆုံးရှုံးမှုများရှိလာခဲ့ပါက တိုင်ကြားနိုင်ပါကြောင်း၊ Consumer Cell Center (၁၅၃၅) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပညာပေးခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ခရမ်းမြို့နယ် အ. မ. က(၇)ကျောင်းနှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တို့ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ မြောက်ဥက္ကလာပမြို့နယ်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သော သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းရှိ သင်တန်းသားများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများနှင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချဝယ်ယူခြင်းဆိုင်ရာ သိရှိသင့်သည့်အချက်များ၊ Online Shopping လုပ်ငန်းများ မှတ်ပုံတင်ရန် လိုအပ်သည့် အချက်အလက်များ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း၊ ထို့ပြင် ခရမ်းမြို့နယ်၊ ဒလမြို့နယ်၊ သန်လျင်မြို့နယ်တို့ရှိ စီးပွားရေးလုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးဆိုင်ရာ ဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ အွန်လိုင်း

*စာမျက်နှာ ၂၁ ကော်လံ ၁ သို့*



*စာမျက်နှာ ၄ မှအဆက်*




ကျပ် ၃၅၀,၀၀၀ အား ငွေပေးချေမှာယူခဲ့ရာ အရောင်းဆိုင်က မြန်မာနိုင်ငံအနှံ့ပါဆယ်ပို့ဆောင်ရေးလုပ်ငန်းဖြင့် ပို့ဆောင်ပေးမည်ဖြစ်ပြီး ပစ္စည်းအား ဖွင့်ဖောက်စစ်ဆေးပြီးမှ ငွေလွှဲပေးရန်ပြောကြားသဖြင့် လွှဲပေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံနှံ့ ပါဆယ်ပို့ဆောင်ရေးလုပ်ငန်းမှ ပေးပို့လာသည့်ပြေစာတွင် ဖော်ပြထားသော ကားဂိတ်သို့ သွားရောက်မေးမြန်းခဲ့ရာ ပစ္စည်းရောက်ရှိလာမှုမရှိကြောင်း သိရှိရ၍ ဖုန်းဆက်မေးမြန်းခဲ့ရာ မိုဘိုင်းဖုန်းအရောင်းဆိုင်က မှာယူသည့်ပစ္စည်းနှင့် တန်ဖိုးကိုက်ညီမှုမရှိသဖြင့် ပို့ဆောင်ပေးမှုအား ဆိုင်းငံ့ထားရန် မှာကြားထားကြောင်း၊ ရောင်းသူဝယ်သူညှိနှိုင်း၍ အဆင်ပြေလျှင် ပစ္စည်းအားပို့ဆောင်ပေးမည်ဖြစ်ကြောင်း ပြောကြားသဖြင့် မိုဘိုင်းအရောင်းဆိုင်သို့ ဆက်သွယ်မေးမြန်းခဲ့ရာ ပစ္စည်းတန်ဖိုးမှာ ငွေကျပ် ၃၅၀,၀၀၀ မှ ၆၂၀,၀၀၀ သို့ ဈေးနှုန်းမြင့်တက်သွားပြီဖြစ်၍ လိုအပ်ငွေကျပ် ၂၇၀,၀၀၀ ကျသင့်သည့်အပေါ် ၂၀,၀၀၀ ကျပ် ဈေးလျှော့ပေးမည်ဖြစ်ပြီး ငွေကျပ် ၂၅၀,၀၀၀ ထပ်မံ ပေးပို့ရမည်ဖြစ်ကြောင်း ပြောကြားလာသည့်အတွက် လိုအပ်ငွေအား Tablet ရောက်ရှိချိန်တွင် ပေးချေမည်ဖြစ်ကြောင်း ပြောကြားခဲ့ရာ လက်ခံမှုမရှိ၍ ပေးချေထားသည့် ငွေကျပ် ၃၅၀,၀၀၀ ကို ပြန်လည်ပေးစေလိုကြောင်း ထပ်မံပြောကြားရာတွင်လည်း လုပ်ငန်းသဘောအရ အဆင်မပြေကြောင်း ပြောကြားသဖြင့် စားသုံးသူရေးရာဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးသို့ လူကိုယ်တိုင်လာရောက်တိုင်ကြားလာပါသည်။

တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှတာဝန်ရှိသူများက စိစစ်ရာတွင် တိုင်ကြားခံရသည့် မိုဘိုင်းအရောင်းဆိုင်နှင့် မြန်မာနိုင်ငံအနှံ့ ပါဆယ်ပို့ဆောင်ရေးလုပ်ငန်းတို့၏ လိပ်စာများမှာ ရန်ကုန်မြို့လိပ်စာများဖြစ်နေသဖြင့် မြေပြင်တွင် အမှန်တကယ်ရှိ-မရှိ စုံစမ်းစစ်ဆေးပေးနိုင်ပါရန် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် ညှိနှိုင်းအကြောင်းကြားဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးမှ တာဝန်ရှိသူများက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ တိုင်ကြားခံရသည့်ဆိုင်မှာ လိပ်စာပါ မြေပြင်တွင် ဖွင့်လှစ်ထားမှုမရှိကြောင်းနှင့် မိုဘိုင်းဖုန်းအရောင်းဆိုင်မှ တာဝန်ရှိသူကိုလည်း ၂၀-၅-၂၀၂၅ ရက်နေ့တွင် ငွေပြန်လည်လွှဲပေးရန် အကြောင်းကြားပေးပို့ထားကြောင်း၊ ပါဆယ်ပို့ဆောင်ရေးလုပ်ငန်းမှာလည်း မြေပြင်တွင် အမှန်တကယ် လုပ်ငန်းလုပ်ကိုင်ခြင်းမရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း အကြောင်းပြန်ကြားလာရာ မကွေးတိုင်းဒေသကြီးမှ တာဝန်ရှိသူများက မိုဘိုင်းဖုန်းအရောင်းဆိုင်၏ ဖုန်းသို့ ဆက်သွယ်၍ Tablet ဖိုးငွေအား ၂၀-၆-၂၀၂၅ ရက်နေ့တွင် ပြန်လည်အမ်းပေးမည်ဟု ပြောကြားထားမှုအပေါ် အချိန်အတိုင်းအတာတစ်ခုအထိ စောင့်ဆိုင်းခဲ့ပြီးဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ပါက မိမိဆိုင်၏ အမည်၊ ဂုဏ်သိက္ခာသည် အရေးကြီးကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်ပေးစေလိုကြောင်း၊ အွန်လိုင်းဖြင့် ရောင်းချမည်ဆိုပါကလည်း အွန်လိုင်းမှတ်ပုံတင်ခြင်းများ ဆောင်ရွက်ထားရန်လိုကြောင်း၊ မှတ်ပုံတင်

*စာမျက်နှာ ၆ ကော်လံ ၁ သို့*


*စာမျက်နှာ ၅ မှအဆက်*

ဆောင်ရွက်ထားခြင်းမရှိဘဲ ရောင်းချပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေဖြင့် အရေးယူဆောင်ရွက်နိုင်ကြောင်း ပြောကြားခဲ့ရာ တိုင်ကြားခံရသည့် မိုဘိုင်းဖုန်းအရောင်းဆိုင်မန်နေဂျာက ၅-၇-၂၀၂၅ ရက်နေ့တွင် Tablet ဖိုးငွေကို ပြန်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ၆-၇-၂၀၂၅ ရက်နေ့တွင် တိုင်ကြားသူသို့ ငွေကျပ် ၃၅၀,၀၀၀ ကို Kpay ဖြင့် လွှဲပေးခဲ့သဖြင့် တိုင်ကြားသူမှလည်း ကျေနပ်မှုရှိပါကြောင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## Power Fiber Internet ဝန်ဆောင်မှုနှင့် ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် အင်တာနက်ကုမ္ပဏီတစ်ခုမှ Power Fiber Internet ကို ၂၀၁၉ ခုနှစ်မှ စတင်အသုံးပြုခဲ့ပြီး ၂၇-၃-၂၀၂၅ ရက်နေ့တွင် ၃ လစာငွေကျပ် ၈၆,၀၀၀ ဖြင့် သက်တမ်းတိုးဆောင်ရွက်ခဲ့ရာ ၂၈-၃-၂၀၂၅ ရက်နေ့မှ စတင်ပြီး လိုင်းပြတ်တောက်နေပါသဖြင့် Customer Service သို့ အကြိမ်ကြိမ်ဆက်သွယ်၍ ပြင်ဆင်ပေးရန် ပြောကြားသော်လည်း ဆောင်ရွက်ပေးမှုမရှိသဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website Complaint System သို့ ဆက်သွယ်တိုင်ကြားလာပါသည်။



တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှတာဝန်ရှိသူများက တိုင်ကြားခံရသည့် အင်တာနက်ကုမ္ပဏီမှ တာဝန်ရှိသူများထံသို့ ဆက်သွယ်အကြောင်းကြားခဲ့ရာ တာဝန်ရှိသူများ၏ စိစစ်မှုအရ တိုင်ကြားသူအသုံးပြုနေသော တည်နေရာမှာ ၂၈-၃-၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်းထန်ငလျင်ဒဏ်ကြောင့် အဆိုပါနေရာသို့ သွယ်တန်းထားသော အင်တာနက်ဖိုင်ဘာဆက်ကြောင်းများ ပျက်စီးခဲ့ရပြီး ယခုအချိန်ထိ ပြန်လည်အစားထိုး ပြုပြင်ဆောင်ရွက်ဆဲဖြစ်သည့်အတွက် လတ်တလောအခြေအနေများအရ ဝန်ဆောင်မှုပေးနိုင်ခြင်းမရှိသေးကြောင်း သိရှိရသည့်အတွက် တိုင်ကြားသူထံသို့ဆက်သွယ်၍ လတ်တလောအခြေအနေဖြင့် Power Fiber Internet ဝန်ဆောင်မှုမပေးနိုင်သေးသည့် အကြောင်းရင်းအား အသေးစိတ်ရှင်းလင်းပြောကြားပြီး ဖြစ်ပါကြောင်း၊ ဝန်ဆောင်မှုအသုံးပြုရန် သက်တမ်းတိုးခဲ့သည့် ၃ လစာငွေကျပ် ၈၆,၀၀၀ ကို စိစစ်တွက်ချက်၍ အမှန်တကယ် ပြန်လည်အမ်းပေးရမည့် ငွေကျပ် ၈၂,၁၇၈ ကို တိုင်ကြားသူ၏ Kpay Account သို့ ပြန်လည်လွှဲပေးခဲ့ပြီးဖြစ်ပါကြောင်း အကြောင်းပြန်ကြားလာပြီး တိုင်ကြားသူမှလည်း ကျေနပ်မှုရှိပါသဖြင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**



*စာမျက်နှာ ၁၈ မှအဆက်*

ရပ်ရှိ အ. မ. က (လွန်) ကျောင်း၊ ခရှုတောရပ်ရှိ အ. လ. က ကျောင်းများ၊ ကော့သောင်းမြို့ရှိ မူလွန်ကြေးနန်းဝင်း စာသင်ကျောင်း၊ မူလွန်အေးရိပ်ငြိမ်း (၂) စာသင်ကျောင်းတို့ရှိ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ သင်တန်းသားသင်တန်းသူများအား စားသုံးသူကာကွယ်ရေးဥပဒေပါ သိကောင်းစရာများ၊ အွန်လိုင်းမှတ်ပုံတင်ဆောင်ရွက်ခြင်းဆိုင်ရာများနှင့်ပတ်သက်သည့် အခြေခံအချက်အလက်များ၊ စားသုံးသူအခွင့်အရေးများ နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများအား အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပဲခူးမြို့ အ. ထ. က (ခွဲ) ကမာနတ်၊ အ. ထ. က (၅)၊ အ. ထ. က (ခွဲ) ဘုရားသုံးဆူတွင်လည်းကောင်း၊ ဖြူးမြို့နယ် မူလွန်မြို့မ (၁)၊ မူလွန် ကသစ်တန်း၊ တောင်ငူမြို့နယ် မူလွန် ဇေယျာခင်ဦးတွင်လည်းကောင်း၊ ပေါက်ခေါင်းမြို့နယ်ရှိ အ. မ. က ကပေါင်ပင်၊ ဧဝရတ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ အ. မ. က ဝါးလည်ကျောင်း၊ အ. မ. က ကြို့ကုန်း၊ မူလွန်မြတ်လေးရုံတွင်လည်းကောင်း၊ ကြို့ပင်ကောက်မြို့နယ်ရှိ အ. မ. က သဲကုန်းနှင့် မင်းလှမြို့နယ်ရှိ အ. ထ. က ကျောင်းတို့တွင်လည်းကောင်း၊ ပြွန်တန်ဆာမြို့နယ်ရှိ အ. ထ. က (၂) မြို့မ (၃)၊ ကျောက်တံခါးမြို့နယ်ရှိ အ. ထ. က (ခွဲ) ကွင်းနောက်၊ အ. လ. က ကျောက်တံခါး၊ ညောင်လေးပင်မြို့နယ်ရှိ မူလွန်သမစိတ္တ၊ အ. လ. က (ခွဲ) တောင်စက်ရုံ၊ ဒိုက်ဦးမြို့နယ်ရှိ အ. မ. က (ခွဲ) မြို့အရှေ့တွင်လည်းကောင်း၊ နတ်တလင်းမြို့ရှိ အ. မ. က လက်ပံပင်၊ အ. မ. က သာစုကန်၊ ဇီးကုန်းမြို့ရှိ အ. လ. က ထန်းတပင်၊ မူလွန် ညောင်ပင်ဘို၊ ပေါင်းတည်မြို့ရှိ အ. လ. က ကြို့တောကံတို့ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား တွေ့ဆုံ၍ စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ Online Sales ရောင်းချခြင်းနှင့် ပတ်သက်၍ မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်များနှင့် နစ်နာဆုံးရှုံးမှုများဖြစ်လာပါက တိုင်ကြားနိုင်သည့် အကြောင်းအရာများ အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။



**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မကွေးခရိုင်အတွင်း မြို့သစ်မြို့၊ မကွေးမြို့၊ ရေနံချောင်းမြို့၊ ချောက်မြို့၊ မင်းဘူး မြို့၊ သရက်မြို့၊ တောင်တွင်းကြီးမြို့၊ ပခုက္ကူမြို့၊ ဆိပ်ဖြူမြို့၊ ဂန့်ဂေါမြို့များရှိ အ. ထ. က၊ အ. လ. က၊ အ. မ. က ကျောင်းများရှိ ကျောင်းသားများနှင့် ဆရာ၊ ဆရာမများအားလည်းကောင်း၊ မကွေးမြို့ရှိ ရန်ပယ်ဈေး၌ ဈေးဝယ်လာသူ မိဘပြည်သူများ၊ တောင်တွင်းကြီးမြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မိဘပြည်သူများ၊ ပွင့်ဖြူမြို့ရှိ စည်ပင်သာယာဈေး၌ ဈေးဝယ်လာသူ မိဘပြည်သူများ၊ အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မိဘပြည်သူများ၊ မင်းဘူးမြို့ အမှတ် (၃) ရပ်ရှိ နဂါးနီ ပလပ်စတစ် စက်ရုံရှိ ဝန်ထမ်းများ၊ ကံမမြို့နှင့် သရက်မြို့

*စာမျက်နှာ ၂၀ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၇ မှအဆက်*

ပြည်နယ်များရှိ ကုမ္ပဏီ (၄၅၂) မှ စိစစ်တင်ရန် တင်ပြလာသည့် ကုန်ပစ္စည်းများ (၁၂၈၄) အနက် ကုမ္ပဏီ (၄၅၁) နှင့် ကုန်ပစ္စည်း (၁၂၈၀) တို့ကို စိစစ်ဆောင်ရွက်ခွင့်ပြုပေးခဲ့ကြောင်း သတင်းရရှိပါသည်။ **Source:** ထုတ်/လုံ

## စားသုံးသူအသိပညာပေးရေးကဏ္ဍ

### တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေး၊ လုံခြုံစိတ်ချရမှုရှိသော ကုန်စည်နှင့်ဝန်ဆောင်မှုများ ရွေးချယ်ဝယ်ယူသုံးစွဲတတ်စေရေး၊ စားသုံးသူနစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက ကုစားမှုများ ရယူတောင်းဆိုတတ်စေရေး၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိနိုင်စေရေးတို့အတွက် စားသုံးသူအသိပညာပေးဟောပြောပွဲများ ကျင်းပခြင်းနှင့် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရေးတို့အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း ဆောင်ရွက်မှုအနေဖြင့်-

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မုံရွာမြို့၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းရှိ သင်တန်းသားများ၊ ကလေးမြို့၊ ချမ်းမြေ့အောင်စည်ရပ်ကွက်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၌ ကျင်းပပြုလုပ်သည့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းအခြေခံမွမ်းမံလူသုံးကုန်ထုတ်လုပ်မှုသင်တန်းရှိ သင်တန်းသားများ၊ စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိ ဒီဇယ်စက်ခေါင်းနှင့် စက်ရုံရထားစက်မှုသင်တန်းကျောင်း



ရှိ သင်တန်းသားများ၊ ကလေးမြို့ အ. ထ. က (၃) ကျောင်း၊ ကျွန်းလှမြို့ ပိတောက်မြိုင်ရပ်ကွက်ရှိ အ. မ. က ကျောင်း၊ ကန့်ဘလူမြို့ အမှတ် (၄) ရပ်ကွက် ရှိ အ. မ. က ကျောင်း၊ အမှတ် (၅) ရပ်ကွက်ရှိ အ. လ. က ကျောင်းတို့မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသူကျောင်းသားများအား လည်းကောင်း၊ ရွှေဘိုမြို့ အမှတ် (၃) ရပ်ကွက်ရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင်လည်းကောင်း စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ ဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ ထို့အတူ လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးခြင်း (၂၄) ကြိမ် ဆောင်ရွက်ခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်နှင့်သက်ဆိုင်သော လက်ကမ်းစာစောင်များ၊ စားသုံးသူကာကွယ်ရေးဥပဒေစာအုပ်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ထားဝယ်မြို့ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သော လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်း၊ အမှတ် (၁) အ. ထ. က ကျောင်း၊ မြိတ်မြို့ ကြံတော

*စာမျက်နှာ ၁၉ ကော်လံ ၁ သို့*



## TV ဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် Electronic အရောင်းဆိုင်တစ်ခုမှ ၃-၂-၂၀၂၄ ရက်နေ့တွင် ငွေကျပ် ၃၃၅,၀၀၀ ဖြင့် TV ဝယ်ယူခဲ့ပြီး ၂ ပတ်အကြာ TV အသံပျောက်သွားသည့်အတွက် ဆိုင်သို့ ဖုန်းဆက်မေးမြန်းခဲ့ရာ ဆိုင်မှ ပြောကြားသည့်အတိုင်း ဆောင်ရွက်ခဲ့သော်လည်း အဆင်ပြေမှုမရှိသည့်အတွက် ပြန်လည်ပြင်ဆင်နိုင်ရေး ဆိုင်သို့ ပို့ဆောင်ခဲ့ရာ ၁ ပတ်ခန့်ကြာမြင့်မည်ဟု ပြောကြားခဲ့ပါကြောင်း၊ ၁၀-၃-၂၀၂၄ ရက်နေ့တွင် ဆိုင်၏ Facebook Page မှ Live Sale ရောင်းချနေသည်ကို တွေ့ရှိရသည့်အတွက် အပ်နှံထားသည့် TV အခြေအနေအား ဝင်ရောက်မေးမြန်းခဲ့သော်လည်း ပြန်လည်ဖြေကြားခြင်းမရှိသည့်အပြင် မိမိ၏ Facebook အကောင့်အား Ban ခဲ့ပါကြောင်း၊ အခြား Facebook အကောင့်ဖြင့် ထပ်မံ ဝင်ရောက်ရေးသားရာတွင်လည်း Ban နေသည့်အတွက် အဆင်မပြေကြောင်းရေးသားခဲ့ရာ ဆိုင်မှ ထိုသို့ရေးသားခဲ့သည့်အတွက် အာမခံသက်တမ်း ၂ နှစ် ပေးအပ်ထားသော်လည်း ပြန်လည်ပြုပြင်ပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် TV အား လာရောက်ယူဆောင်သွားရန် ဆက်သွယ်ပြောကြားလာသဖြင့် စားသုံးသူရေးရာဦးစီးဌာနသို့ ဆက်သွယ်တိုင်ကြားလာပါသည်။

တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှတာဝန်ရှိသူများက တိုင်ကြားသူနှင့် တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်တို့အား ၃ ကြိမ်တိုင်တိုင် အကြောင်းကြားစာပေးပို့ခဲ့သော်လည်း လုပ်ငန်းရှင်အနေဖြင့် ဌာနမှပေးပို့သည့်စာအား လက်ခံခြင်းမရှိသည့်အပြင် လာရောက်ဖြေရှင်းမှုလည်းမရှိခဲ့ကြောင်း၊ လုပ်ငန်းရှင်သည် စားသုံးသူကာကွယ်



ရေးဥပဒေပုဒ်မ ၂၆ (ခ) အရ ပြည့်စုံသော ဝန်ဆောင်မှုအဆင့်အတန်းနှင့်အညီ ပြည့်ဝစွာပေးအပ်မှုမရှိခြင်းကြောင့် စားသုံးသူရေးရာကော်မတီအစည်းအဝေး (၅/ ၂၀၂၄) တွင် အမှာစာဖြင့် တင်ပြဆွေးနွေးခဲ့ရာ စီးပွားရေးလုပ်ငန်းရှင်အား စားသုံးသူရေးရာကော်မတီအနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၅၃၊ ပုဒ်မခွဲ (ဃ) အရ လုပ်ငန်းလိုင်စင်ယာယီပိတ်သိမ်းခြင်း သို့မဟုတ် အမြဲတမ်းပိတ်သိမ်းခြင်းကို သက်ဆိုင်ရာအစိုးရဌာနက ပြုလုပ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားရန် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြ၍ လမ်းညွှန်မှုခံယူသွားရန် ဆုံးဖြတ်ခဲ့ကြောင်း၊ တိုင်ကြားခံရသည့် Electronic ဆိုင်အား လုပ်ငန်းလိုင်စင်ယာယီပိတ်သိမ်းနိုင်ရေး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနခွဲသို့ အကြောင်းကြားဆောင်ရွက်ခဲ့ရာ ၁၀-၆-၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကော်မတီဝင်များအစည်းအဝေး (၁၅/၂၀၂၅) ဆုံးဖြတ်ချက်အရ လုပ်ငန်းရှင်အနေဖြင့် သက်ဆိုင်ရာဌာန၏ ဥပဒေပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ခဲ့ခြင်းသည် ကော်မတီက ခွင့်ပြုသည့် လိုင်စင်ပါစည်းကမ်းချက်အမှတ် (၃) ကို ဖောက်ဖျက်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၈၁ (ဂ) အရ ခွင့်ပြုထားသည့် လိုင်စင်အား

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

*စာမျက်နှာ ၇ မှအဆက်*

ပိတ်သိမ်းထားပြီးဖြစ်ပါကြောင်းနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ပြန်လည်ဖွင့်လှစ်ခွင့်ပြုရန် အကြောင်းကြားစာရရှိမှသာ အဆိုပါလုပ်ငန်းအား သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ လိုင်စင်ပြန်လည်ခွင့်ပြုသွားမည်ဖြစ်ကြောင်း အကြောင်း ပြန်ကြားလာသည့်အတွက် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌထံ တင်ပြလမ်းညွှန်မှုခံယူခဲ့ပြီး Electronic ဆိုင်အား ၂-၇-၂၀၂၅ ရက်နေ့မှစ၍ လုပ်ငန်း လိုင်စင် (၆) လ ယာယီပိတ်သိမ်းပေးရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ အကြောင်းကြားခဲ့ပြီး အခြေအနေများအား တိုင်ကြားသူထံ အကြောင်းပြန်ကြားပြီးဖြစ်ပါသောကြောင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **Source: CICC**

## ပရိဘောဂပစ္စည်းအရောင်းဆိုင် ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် ပရိဘောဂပစ္စည်းအရောင်းဆိုင်တစ်ခုထံမှ ဗီဒိုနှင့် မှန်တင်ခုံအား ငွေကျပ် ၁၅ သိန်းပေးချေ၍ မှာယူခဲ့ရာ သတ်မှတ်ချိန်အတွင်း ပစ္စည်းအပ်နှံနိုင်ခြင်းမရှိသည့်အပြင် ငွေပြန်အမ်းခြင်းလည်း မရှိသောကြောင့် စားသုံးသူရေးရာဦးစီးဌာန၏ Website Complaint System မှတစ်ဆင့် ဆက်သွယ်တိုင်ကြားလာပါသည်။

တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှတာဝန်ရှိသူများက တိုင်ကြားခံရသည့် ပရိဘောဂပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူထံသို့ ဆက်သွယ်အကြောင်းကြားခဲ့ရာ ပရိဘောဂပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူသည် ၃၀-၃-၂၀၂၅ ရက်နေ့ ငွေကျပ် ၅ သိန်းအား လည်းကောင်း၊ ၁၀-၅-၂၀၂၅ ရက်နေ့တွင် ငွေကျပ် ၅ သိန်းအားလည်းကောင်း၊ စုစုပေါင်းငွေကျပ် ၁၀ သိန်းအား တိုင်ကြားသူထံ Kpay ဖြင့် လွှဲပြောင်းပေးပို့ပြီးဖြစ်သော်လည်း ကျန်ငွေကျပ် ၅ သိန်းအား ပေးအပ်ခြင်းမရှိသောကြောင့် ၄-၇-၂၀၂၅




ရက်နေ့တွင် ဌာနမှတာဝန်ရှိသူများက ပရိဘောဂပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူနှင့် တိုင်ကြားသူ နှစ်ဦးနှစ်ဖက်တို့အား ဌာနသို့ ခေါ်ယူ၍ တွေ့ဆုံညှိနှိုင်းဆွေးနွေးပေးခဲ့ရာ ပရိဘောဂပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူက ပေးရန်ကျန်ရှိသည့် ငွေကျပ် ၅ သိန်းအနက် ငွေကျပ် ၃ သိန်းအား ဌာနမှ တာဝန်ရှိသူများရှေ့မှောက်တွင် K pay ဖြင့် လွှဲပြောင်းပေးပို့ခဲ့ပြီး ကျန်ငွေကျပ် ၂ သိန်းအား ၆-၇-၂၀၂၅ ရက်နေ့တွင် ပေးအပ်သွားမည်ဖြစ်ကြောင်း သဘောတူညီချက်ပုံစံတွင် နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ထိုသဘောတူညီချက်အရ ၇-၇-၂၀၂၅ ရက်နေ့တွင် တိုင်ကြားသူသည် ဌာနသို့ဆက်သွယ်၍ ငွေကျပ် ၂ သိန်းအား လက်ခံရရှိပါကြောင်း ပြောကြားလာပါသဖြင့် တိုင်ကြားမှုအား ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **Source: CICC**



*စာမျက်နှာ ၁၆ မှအဆက်*

လည်းကောင်း လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ Online Sale မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် တရားမဝင်ကုန်သွယ်မှုမပြုရေး အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** သုံးခွမြို့နယ်အတွင်း အွန်လိုင်းစနစ်ဖြင့် ရောင်းချနေသော လုပ်ငန်းရှင်များဖြစ်သည့် အမှတ် (၂) ရပ်ကွက် တပင်ရွှေထီးလမ်းရှိ Warso Collection၊ အမှတ် (၁) ရပ်ကွက် မာဃလမ်းရှိ လင်းလက်သဘာဝ ထုတ်ကုန်ရောင်းဝယ်ရေး၊ အမှတ် (၉) ရပ်ကွက် အောင်ဇေယျလမ်းရှိ အဲလစ်တီရှပ်တို့အား မြေပြင်စစ်ဆေးအတည်ပြုပြီး မှတ်ပုံတင်ရရှိထားသည့် လုပ်ငန်းရှင်များဖြစ်၍ ယင်းလုပ်ငန်းရှင်များအား အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့်လုပ်ငန်းဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၃) နှင့်စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းခြင်း၊ စားသုံးသူကာကွယ်ရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ ကုန်အညွှန်းအမှတ်အသားပြည့်စုံမှုမရှိသည့် ကုန်စည်များအား ဈေးကွက်တွင် ရောင်းချခြင်းမပြုရန်နှင့် ထိုသို့ရောင်းချမှုပြုလုပ်ပါက စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**Source: တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ**

## ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များဖြစ်သော အသင့်စားအစားအစာများ၊ စားသုံးဆီများ၊ အသင့်သောက်အချိုရည်များ၊ အရန်သင့်အစားအစာများ၊ အိမ်သုံးဆေးဝါးများနှင့် လူသုံးကုန် ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းမှုရှိ-မရှိ သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် ပူးပေါင်းစစ်ဆေးခြင်း၊ စားသုံးဆီများအား ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများနှင့် ရောင်းချခြင်းရှိ-မရှိနှင့် ဆေးနှင့်ဆေးပစ္စည်းများ ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှု ၂၂၀၀ ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: ထုတ်/လုံ**

## ၂၀၂၅ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉၊ အခန်း (၁၈) တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်းသည့် အချက်အလက်များ ပြဋ္ဌာန်းထားပြီး ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့် ဖော်ပြရန်လိုအပ်သည့် အသေးစိတ်အချက်များကိုလည်း စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန်အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က ညွှန်ကြားချက်အမှတ် (၂/ ၂၀၁၉) ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲအနေဖြင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြထားခြင်းအား ညွှန်ကြားချက် (၂/၂၀၁၉) နှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ်၊ (ဇန်နဝါရီလမှ ဇူလိုင်လအထိ) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်

*စာမျက်နှာ ၁၈ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၅ မှအဆက်*



PRA ACADEMIC CENTER ဝန်ဆောင်မှုလုပ်ငန်းရှင်နှင့် AW SU Kachin Local Produce Shop လုပ်ငန်းရှင်၊ မိုးညှင်းမြို့ နတ်ကြီးကုန်းရပ်ကွက်ရှိ စားသုံးသူပြည်သူများ၊ သိမ်းအင်းရပ်ကွက်ရှိ ဆိုင်ကယ်အပိုပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေး လုပ်ငန်းရှင်တို့အား အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ထားရှိမှုအခြေအနေ၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လိုသူသည် မှတ်ပုံတင်လျှောက်ထားရန်နှင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကိုက်ညီရမည့်အချက်များ၊ အထောက်အထားများ၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးမည့် အခြေအနေ မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်များနှင့်အခွင့်အရေးများ၊ မှတ်ပုံတင်လက်မှတ် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းဆိုင်ရာ အကြောင်းအရာများ၊ မှတ်ပုံတင်ဆောင်ရွက်ရမည့် အွန်လိုင်းစနစ်ဖြင့် ရောင်းချသူများ၊ စနစ်တွင်ပါဝင်သည့် လုပ်ငန်း Functions များ၊ လျှောက်ထားရန် အခြေခံလိုအပ်ချက်များ၊ eComReg System ဖြင့် Online Sales မှတ်ပုံတင်လက်မှတ် လျှောက်ထား ထုတ်ယူပုံအဆင့်ဆင့်၊ သက်တမ်းတိုးခြင်းနှင့်ပတ်သက်၍ သိရှိရန်အချက်များနှင့် အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေပါပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မော်လမြိုင်မြို့နယ် ငန်းတေးရပ်ကွက်၊ အမှတ် (၁၀) ငန်းတေးလမ်းရှိ အီလက်ထရောနစ်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းများနှင့် အိမ်သုံးပစ္စည်းများရောင်းချသည့်လုပ်ငန်း၊ သီရိမင်္ဂလာရပ်ကွက် အမှတ် (၂၄၆) သမာဓိလမ်းရှိ ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ ရောင်းချသည့်လုပ်ငန်း၊ သထုံမြို့နယ် သိမ်ကုန်းရပ်ကွက် အမှတ် (၄၀၂) ရေကန်ရပ်လမ်းရှိ အထည်အလိပ်၊ အဝတ်အထည်နှင့် ဆက်စပ်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ကျိုက်ထိုမြို့နယ် ကံ့ကော်ရပ်ကွက် အောင်သပြေ (၄) လမ်းရှိ လုပ်ငန်းရှင်တို့နှင့်တွေ့ဆုံ၍ အွန်လိုင်းစနစ်ဖြင့် ရောင်းချနေသော လုပ်ငန်းမှတ်ပုံတင်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် လျှောက်လွှာပုံစံတွင် ဖြည့်သွင်းထားသည့် လိပ်စာအတိုင်း အမှန်တကယ် တည်ရှိခြင်း ရှိ-မရှိ၊ မှတ်ပုံတင် လက်မှတ်လျှောက်ထားစဉ်က ရောင်းချရန် တင်ပြထားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု အမျိုးအစားအတိုင်း မြေပြင်တွင် အမှန်တကယ်ရောင်းချနေသော စာရင်းကိုက်ညီမှု ရှိ-မရှိ စစ်ဆေးခဲ့ပြီး မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်ဖောက်ဖျက်မှု ရှိ-မရှိ၊ အွန်လိုင်းမှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**နေပြည်တော်ဦးစီးမှူးရုံးအနေဖြင့်** ပျဉ်းမနားမြို့၊ ယုဇနဈေးအုပ်ချုပ်ရေးမှူးရုံးတွင်လည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင်လည်းကောင်း၊ တောင်ဇလပ်ဈေး အုပ်ချုပ်ရေးမှူးရုံးတွင်

*စာမျက်နှာ ၁၇ ကော်လံ ၁ သို့*



**၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း CICC များသို့ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှုနှင့်ဖြေရှင်းရန်ကျန်စာရင်း**

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် / ခရိုင် | ဇူလိုင်လတိုင်ကြားမှု | | တိုင်ကြားမှုနည်းလမ်းများ | | | | တိုင်ကြားမှု | | | ဖြေရှင်းပြီးစီးမှု | | | | ဖြေရှင်းရန်ကျန်ရှိမှု | ဆောင်ရွက်မှုအခြေအနေ (%) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကုန်စည် | ဝန်ဆောင်မှု | Website | FB Page/ စာ/ဖုန်း/ email | ၁၅၃၅ Call Center | ဦးစီးမှူးရုံး | ဗွန်လ ဖြေရှင်းရန်ကျန် | ဇူလိုင်လ | ပေါင်း | ဗွန်လကျန်မှ | ဇူလိုင်လ | | ပေါင်း | | |
| | | | | | | | | | | | | ကုန်စည် | ဝန်ဆောင်မှု | | | |
| ၁ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂ | ကယားပြည်နယ် | | | | | | | | | | | | | | | |
| ၃ | ကရင်ပြည်နယ် | | | | | | | | | | | | | | | |
| ၄ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၇ | ပဲခူးတိုင်းဒေသကြီး | | ၅ | | ၂ | ၂ | ၁ | ၂ | ၅ | ၇ | | | ၃ | ၃ | ၄ | ၄၂.၈၆% |
| ၈ | မကွေးတိုင်းဒေသကြီး | | ၁ | | | | ၁ | ၁ | ၁ | ၂ | ၁ | | ၁ | ၂ | ၀ | ၁၀၀.၀၀% |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁ | ၃ | ၂ | | ၁ | ၁ | ၄ | ၄ | ၈ | ၃ | | ၃ | ၆ | ၂ | ၇၅.၀၀% |
| ၁၀ | မွန်ပြည်နယ် | | ၁ | ၁ | | | | | ၁ | ၁ | | | ၁ | ၁ | ၀ | ၁၀၀.၀၀% |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | | ၉ | ၅ | ၃ | | ၁ | ၂၀ | ၉ | ၃၉ | ၁၀ | | ၂ | ၁၂ | ၂၇ | ၃၀.၇၇% |
| ၁၃ | ရှမ်း(တောင် )တောင်ကြီး | | | | | | | | | | | | | | | |
| ၁၄ | ရှမ်း(မြောက် )လားရှိုး | | | | | | | | | | | | | | | |
| ၁၅ | ရှမ်း(ရှေ့ )ကျိုင်းတုံခရိုင် | | | | | | | | | | | | | | | |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | ၃ | | ၃ | ၁ | | | ၁ | ၂ | ၃၃.၃၃% |
| ၁၇ | ပြည်ထောင်စုနယ်မြေ | | ၁ | ၁ | | | | ၂ | ၁ | ၃ | | | ၁ | ၁ | ၂ | ၃၃.၃၃% |
| ၁၈ | စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်) | | | | | | | | | | | | | | | |
| | စုစုပေါင်း | ၁ | ၂၀ | ၉ | ၅ | ၃ | ၄ | ၄၂ | ၂၁ | ၆၃ | ၁၅ | ၀ | ၁၁ | ၂၆ | ၃၇ | ၄၁.၂၇% |
| | | ၂၁ | | ၂၁ | | | | | | | | ၁၁ | | | | |

**Source: CICC**

## ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ

### တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေး၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ ဘေးအန္တရာယ်ရှိသော ကုန်စည်များ ဈေးကွက်အတွင်းမှ ပပျောက်သွားစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးအလိုက်



စားသုံးသူရေးရာကော်မတီက သတ်မှတ်ပေးထားသည့် တစ်နှစ်စာအတွင်း ဦးစားပေးဆောင်ရွက်မည့် ကုန်စည် (၁၀) မျိုး ကိုလည်းကောင်း၊ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က ဦးစားပေးဆောင်ရွက်ရန် အတည်ပြုသတ်မှတ်ထားသည့် ဝန်ဆောင်မှုကဏ္ဍ ၃ ရပ်ကိုလည်း

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

*စာမျက်နှာ ၉ မှအဆက်*



ကောင်း သက်ဆိုင်ရာ မိတ်ဖက်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း ဆောင်ရွက်မှုများအနေဖြင့်-

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** စစ်ကိုင်းတိုင်းဒေသကြီးရှိ ဈေးကွက်အတွင်း ရောင်းချနေသော စားသောက်ကုန်များ၊ လူသုံးကုန်များ၊ စက်ရုံများ၊ ဆေးဝါးမျိုးစုံနှင့် စက်သုံးဆီများအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၂၃) ကြိမ် ဆောင်ရွက်ခဲ့ရာ တစ်နှစ်စာအတွင်း ဦးစားပေးဆောင်ရွက်ရန် လျာထားသည့် ကုန်စည် (၁၀) မျိုးဖြစ်သည့် အသင့်သောက်အချိုရည်၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး၊ စည်သွပ်အစားအစာအမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ အအေးခဲအစားအစာအမျိုးမျိုး၊ သောက်ရေသန့်အမျိုးမျိုး၊ အရန်သင့် အစားအစာအမျိုးမျိုး၊ အာဟာရဖြည့်စွက်စာအမျိုးမျိုး၊ ကလေးကစားစရာအရုပ်နှင့် ပစ္စည်းအမျိုးမျိုး၊ သွားတိုက်ဆေးအမျိုးမျိုးတို့အား ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ထားဝယ်မြို့ပေါ်ရှိ ကုန်စုံဆိုင်များ၊ အိုးလုပ်ငန်းဈေး၊ သောက်ရေသန့်စက်ရုံ နှင့် ကုန်စုံဆိုင်များ၊ မြိတ်မြို့ပေါ်ရှိ ကုန်စုံဆိုင်များနှင့် ကျောင်းမုန့်ဈေးတန်းများ၊ ကော့သောင်းမြို့ပေါ်ရှိ သောက်ရေသန့်စက်ရုံ၊ ကျောင်းမုန့်ဈေးတန်းများ၊ ကုန်စုံဆိုင်များ၊ ကော့သောင်းမြို့ ရှမ်းချောင်းရပ်ရှိ ကုန်စုံဆိုင်၊ ကြံတောရပ်ရှိ အ.မ.က ကျောင်းမုန့်ဈေးတန်းနှင့် ဆေးဆိုင်များ၊ ခရူတောရပ်ရှိ အမှတ် (၆) အ.လ.က ကျောင်းမုန့်ဈေးတန်း၊ ဆိပ်ငယ်ရပ် စည်ပင်သာယာဈေးကြီးရှိ ကုန်စုံဆိုင်များအား သက်တမ်းလွန်ကုန်စည်များ ရောင်းချနေမှု ရှိ-မရှိ စစ်ဆေးခြင်းများ၊ ဆန်ဈေးနှုန်းများ၊ ဘိလပ်မြေဈေးနှုန်းများ၊ ဓါတ်မြေဩဇာဈေးနှုန်းများ၊ သက်ဆိုင်ရာထောက်ခံချက်များမပါရှိသည့် စားသုံးဆီများ ရောင်းချနေမှုများ ရှိ-မရှိ စစ်ဆေးပြီး အသိပညာလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပဲခူးခရိုင်ရှိ သနပ္ပင်မြို့မဈေး၊ ဝေါမြို့စည်ပင်သာယာဈေးရှိ ရပ်ကွက်ကုန်စုံဆိုင်များ၊ တောင်ငူခရိုင်ရှိ ရေတာရှည်မြို့မစည်ပင်သာယာဈေးနှင့် အခြားမြို့နယ်များရှိ ရပ်ကွက်ကုန်စုံဆိုင်များ၊ mini market များ၊ စတိုးဆိုင်များနှင့် အလှကုန်ပစ္စည်းဆိုင်များ၊ ပြည်ခရိုင်ရှိ အောင်မင်္ဂလာဈေး၊ ဥသျှစ်ပင်စည်ပင်ဈေး၊ ရွှေတောင်မြို့ မြို့မဈေးရှိ ကုန်စုံဆိုင်များ၊ သာယာဝတီခရိုင်အတွင်းရှိ သာယာဝတီမြို့ မြို့မဈေး၊ ကြို့ပင်ကောက်မြို့၊ အုတ်ဖိုမြို့၊ မိုးညိုမြို့တို့ရှိ စည်ပင်သာယာဈေးများနှင့် ရပ်ကွက်ကုန်စုံဆိုင်များ၊ ညောင်လေးပင်ခရိုင်အတွင်းရှိ စည်ပင်သာယာဈေးများနှင့် ရပ်ကွက်ကုန်စုံဆိုင်များ၊ နတ်တလင်းခရိုင်အတွင်းရှိ စည်ပင်သာယာဈေးများနှင့် ရပ်ကွက်ကုန်စုံဆိုင်များသို့ သွားရောက်၍ စားသုံးဆီများ၊ စက်သုံးဆီများအား ဖြစ်သင့်ဖြစ်ထိုက်သောဈေးနှုန်းများဖြင့် ရောင်းချခြင်းရှိ-မရှိ၊ မြေပြင်တွင် အမှန်

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၄ မှအဆက်*

ကို ပွင့်လင်းမြင်သာစွာ ဖော်ပြထားရန် ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** နမ့်စန်မြို့အတွင်းရှိ ဆန်လက်လီလက်ကားရောင်းချနေသော ဆိုင်များ၊ စားအုန်းဆီ ရောင်းချနေသော ဆိုင်များ၊ ကုန်စုံဆိုင်များနှင့် စားသောက်ဆိုင်များ၊ လွိုင်လင်မြို့အတွင်းရှိ ဆန်အရောင်းဆိုင်များ၊ စားအုန်းဆီ အရောင်းဆိုင်များနှင့် ကုန်စုံဆိုင်များ၊ ကျိုင်းတုံမြို့အတွင်းရှိ မုန့်တီခြောက်ထုတ်လုပ်သည့် လုပ်ငန်းများနှင့် မြို့မဈေးကြီးအတွင်းရှိ ကလေးတစ်ကိုယ်ရည်သုံးပစ္စည်းအမျိုးမျိုး အရောင်းဆိုင်များ၊ တာချီလိတ်မြို့နယ်အတွင်းရှိ သောက်ရေသန့်လုပ်ငန်းများအား ဘေးအန္တရာယ်ကင်းရှင်းစေရေးကို အလေးထားဆောင်ရွက်ရန်၊ ထုတ်လုပ်မှုအဆင့်တိုင်း စနစ်တကျထုတ်လုပ်ရန်၊ သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်းများ ဆောင်ရွက်ရန်နှင့် စားသုံးသူကာကွယ်ရေးဥပဒေအခန်း (၁၀) ပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များကို လိုက်နာဆောင်ရွက်ရန် အသိပညာပေးဆွေးနွေး၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** **ပြည်နယ်ဦးစီးမှူးရုံးများ**

## Online Sale မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်



Online စနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းအား ၂၁-၇-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၃) ဖြင့် အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ခဲ့ပြီး အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ လ ၁ ရက်နေ့မှစ၍ Online Sale မှတ်ပုံတင်လက်မှတ်လျှောက်ထားလာမှုအား မြေပြင်ကွင်းဆင်းစစ်ဆေး၍ လျှောက်ထားသည့် အချက်အလက်များနှင့် မြေပြင်တွင် အမှန်တကယ် ကိုက်ညီမှုရှိမှသာလျှင် မှတ်ပုံတင်လက်မှတ်ထုတ်ပေးမည်ဖြစ်ကြောင်း လစဉ်အသိပညာပေးဆောင်ရွက်မည့် အစီအမံများရေးဆွဲ၍ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း-

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** သရက်မြို့၊ တောင်တွင်းကြီးမြို့၊ ချောက်မြို့၊ ရေနံချောင်းမြို့၊ မကွေးမြို့များရှိ အွန်လိုင်းဖြင့် ရောင်းချသည့် လုပ်ငန်းရှင်တို့အား အွန်လိုင်းမှတ်ပုံတင်လက်မှတ်လျှောက်ထားရန်နှင့် လက်မှတ်ရရှိသူ၏ တာဝန်များ ဖောက်ဖျက်မှုမရှိစေရေး အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့၊ မြို့မရပ်ကွက်ရှိ မင်းခိုင် Electronic Center လုပ်ငန်းရှင်၊ အောင်နန်းရပ်ကွက်ရှိ စက်မှုလက်မှုလုပ်ငန်းရှင်များ၊

*စာမျက်နှာ ၁၆ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၃ မှအဆက်*

သော ဆေးဝါးများနှင့် တရားမဝင်လမ်းကြောင်းမှ ဝင်ရောက်လာသည့် ဆေးဝါးများကို တင်သွင်းရောင်းချဖြန့်ဖြူးခြင်း ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ညွှန်ကြားချက်နှင့် ကိုက်ညီမှုရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ကယားပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** လွိုင်ကော်မြို့ပေါ်ရှိ အရန်သင့်အစားအစာအမျိုးမျိုး လက်လီလက္ကားရောင်းချနေသော ကုန်စုံဆိုင်များ၊ စားသောက်ဆိုင်များ၊ ကိတ်မုန့်၊ ပေါင်မုန့်နှင့် မုန့်မျိုးစုံထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသည့် KS မုန့်ဖိုနှင့် ဘူးသွင်းဆီအမျိုးမျိုး ရောင်းချနေသော ကုန်စုံဆိုင်များ၌ ဟင်းသီးဟင်းရွက်ဆီနှင့်စပ်လျဉ်း၍ ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်အမှတ် (၁/၂၀၂၁) နှင့် ကိုက်ညီမှု ရှိ-မရှိ သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ချောင်းဆုံမြို့နယ်၊ ပေါင်မြို့နယ်အတွင်းရှိ Sim-Card အရောင်းဆိုင်များနှင့် လက်ကိုင် ဖုန်းနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်များ၊ မုဒုံမြို့နယ်ရှိ ရွှေဟင်္သာဈေး၊ ကျိုက်မရောမြို့နယ်ရှိ ရှင်စောပုရပ်ကွက်၊ မော်လမြိုင်မြို့နယ် ဈေးကြိုရပ်ကွက်ရှိ ပွဲရုံတန်းများ၊ ချောင်းဆုံမြို့နယ်ရှိ အမှတ် (၂) ဈေး၊ ပေါင်မြို့နယ်ရှိ ပေါင်းရပ်ကွက်၊ ကျိုက်ထိုမြို့နယ်ရှိ ရှမ်းဈေး၊ သထုံမြို့ရှိ မြို့မဈေးနှင့် ဘီလင်းမြို့ရှိ နှင်းပုလဲဈေးများအတွင်းရှိ ကုန်စုံဆိုင်များတွင် ရောင်းချလျက်ရှိသော (Sprite) အချိုရည်ဘူးများ၊ သွားတိုက်ဆေးဘူးများ၊ ဆေးနှင့် ဆေးပစ္စည်း



အရောင်းဆိုင်များ၊ အလှကုန်ပစ္စည်းဆိုင်များ၊ ချောင်းဆုံမြို့နယ် အ.လ.က (ခွဲ) ဘိုးနတ်နှင့် ကန်ညီနောင်ရပ်ရှိ အ.မ.က(လွန်) ကျောင်းမုန့်ဈေးတန်းများတွင် ရောင်းချလျက်ရှိသော စားသောက်ကုန်ပစ္စည်းများတွင် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြထားမှု ရှိ-မရှိ သွားရောက်စစ်ဆေးခဲ့ကြောင်း၊ ထို့အတူ မော်လမြိုင်မြို့ ပွဲရုံတန်းအတွင်းရှိ ကုန်စုံဆိုင်များ၊ မုဒုံမြို့၊ ပေါင်မြို့၊ ကျိုက်ထိုမြို့၊ ဘီးလင်းမြို့၊ ချောင်းဆုံမြို့၊ မုဒုံမြို့၊ ကျိုက်မရောမြို့နယ်များရှိ စားအုန်းဆီ လက်လီလက်ကားရောင်းချနေသော ဆိုင်များ၊ ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ဈေးကွက်အတွင်း ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများဖြင့် ရောင်းချမှု ရှိ-မရှိ၊ ဈေးနှုန်းအဆမတန် မြှင့်တင်ရောင်းချမှု ရှိ-မရှိ၊ ချိန်တွယ်ပြည့်မီမှု ရှိ-မရှိ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း၊ ထို့နောက် ဝန်ဆောင်မှုကဏ္ဍ ၃ ရပ်နှင့်စပ်လျဉ်း၍ မုဒုံမြို့နယ်ရှိ ထမင်းဆိုင်များနှင့် စားသောက်ဆိုင်များအား ဘေးအန္တရာယ်ကင်းစွာ စားသုံးနိုင်ရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များပြင်ဆင်ရန်၊ ဆိုင်အတွင်းအပြင် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်း ရေး အလေးထားဆောင်ရွက်ရန်၊ ဝန်ဆောင်မှုပေးသည့် အဖိုးအခများအား စားသုံးသူများ

*စာမျက်နှာ ၁၅ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၀ မှအဆက်*

တကယ်ရောင်းချမှု ရှိ-မရှိ၊ လျှောက်လွှာတွင် ဖြည့်သွင်းထားသည်များနှင့်ကိုက်ညီမှု ရှိ-မရှိ၊ စားသုံးရန် သို့မဟုတ် အသုံးပြုရန် မသင့်သည့် ကုန်စည်များ ရောင်းချခြင်း ရှိ-မရှိ၊ ပစ္စည်းပြုတ်လပ်မှုအခြေအနေ၊ ဈေးနှုန်းမြှင့်တင်ရောင်းချမှုအခြေအနေများ ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသားပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသော ကုန်စည်များကို တင်သွင်းရောင်းချခြင်း ရှိ-မရှိ ၊ သက်ဆိုင်ရာဌာန၏ ထောက်ခံမှုရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** တိုင်းဒေသကြီးအတွင်းရှိကုန်စုံဆိုင်များ၊ စတိုးဆိုင်များ၊ စည်ပင်သာယာဈေးများ၌ ရောင်းချလျက်ရှိသော ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာဖော်ပြထားခြင်းရှိ-မရှိနှင့် သက်ဆိုင်ရာဌာနများမှ စားသုံးရန် သို့မဟုတ် သုံးစွဲရန်မသင့်သော ကုန်စည်များအား ဈေးကွက်အတွင်း ရောင်းချခြင်းရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ရာ စည်ပင်သာယာဈေးတွင် (၈) ကြိမ်၊ မြို့ပေါ်ရှိ ရပ်ကွက်များတွင် (၁၇) ကြိမ်၊ စက်ရုံအလုပ်ရုံများတွင် (၂၃) ကြိမ်၊ ကျောင်းမုန့်ဈေးတန်းများတွင် (၂) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ အထူးဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းအနေဖြင့် စက်သုံးဆီအရောင်းဆိုင်များတွင် (၂) ကြိမ်၊ စားသုံးဆီအရောင်းဆိုင်များတွင် (၅) ကြိမ်၊ ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်များတွင် (၅) ကြိမ်၊ စုစုပေါင်း (၁၂) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ရမည်းသင်းမြို့နယ်ရှိ စက်သုံးဆီရောင်းဝယ်ရေးဆိုင်များ



တွင် စက်သုံးဆီတင် သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကော်မတီမှ သတ်မှတ်ထားသော နှုန်းထားများအတိုင်း ရောင်းချမှု ရှိ-မရှိ၊ ကျောက်ဆည်မြို့၊ စဉ့်ကိုင်မြို့၊ မြစ်သားမြို့နှင့် ပလိပ်မြို့ပေါ်ရှိ စားသုံးဆီရောင်းဆိုင်များတွင် ပဲဆီ၊ နေကြာဆီ၊ နှမ်းဆီနှင့် ဟင်းသီးဟင်းရွက်ဆီများအား parking ဘူးများဖြင့် ရောင်းချရာတွင် ပင်ရင်းပါဝင်ပစ္စည်းကို အခြေခံသော ကုန်စည်၏ အမျိုးအမည်ကို မြန်မာဘာသာဖြင့် တိကျစွာဖော်ပြထားခြင်း ရှိ-မရှိ၊ ကျောက်ဆည်မြို့ပေါ်ရှိ ဆေးနှင့်ဆေးပစ္စည်း အရောင်းဆိုင်များ၊ ကုန်စုံဆိုင်များ၊ ကိတ်နှင့်မုန့်မျိုးစုံလုပ်ငန်း၊ စဉ့်ကိုင်မြို့နယ်အတွင်းရှိ ပဲကြော်နှင့် ပဲလှော်လုပ်ငန်းများ၊ အချိုရည်လုပ်ငန်း၊ ရေခဲချောင်းနှင့် ရေခဲမုန့်လုပ်ငန်း၊ ကိတ်နှင့် မုန့်လုပ်ငန်း၊ လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်များ၊ မြစ်သားမြို့နှင့် ကူမဲမြို့ ဈေးအတွင်းရှိ ကုန်စုံဆိုင်များနှင့် မုန့်ဆိုင်များသို့ သွားရောက်၍ အရန်သင့်အစားအစာအမျိုးမျိုးတွင် ကုန်အညွှန်းအမှတ်အသားပြည့်စုံမှုရှိ-မရှိ၊ မြင်းခြံမြို့ အမှတ် (၁၉) အ.လ.က ခွဲကျောင်းရှိ ကျောင်းမုန့်ဈေးတန်းတွင် သက်တမ်းလွန်ကုန်စည်များ ရောင်းချနေမှု ရှိ-မရှိ၊ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဝယ်ယူစားသုံးနိုင်စေရန်

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၁ မှအဆက်*

အတွက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေးဆိုင်များ၊ မြို့မဈေးများနှင့်ကုန်တိုက်များ၊ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းမပေါ်ရှိ ကုန်တိုက်များ၊ အင်းစိန်မြို့နယ် ဘိုကုန်းဈေးမြေညီထပ်ရှိ စားအုန်းဆီလက်လီအရောင်းဆိုင်၊ ခရမ်းမြို့နယ်ရှိ အထွေထွေစီးပွားရေးလုပ်ငန်း၊ သမဝါယမအသင်းလီမိတက်နှင့် လျှပ်စစ်ပစ္စည်းမျိုးစုံအရောင်းခန်းမတို့တွင် ရောင်းချလျက်ရှိသည့် အိမ်သုံးလျှပ်စစ်ပစ္စည်းဆိုင်များ၊ အမှတ် (၇) ရပ်ကွက်ရှိ အ. မ. က ကျောင်းမုန့်ဈေးတန်း၊ မြောက်ဒဂုံမြို့နယ် ပင်လုံလမ်း Capital Super Market ရှိ ဆိုင်များတွင် ကုန်အညွှန်းအမှတ်အသားများအား မြန်မာဘာသာဖြင့် ဖော်ပြထားခြင်း ရှိ-မရှိ၊ ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ သိသာထင်ရှားစွာ ဖော်ပြမည့် အချက်များပါဝင်မှုရှိ-မရှိ၊ FDA ထောက်ခံချက်များပါဝင်မှုရှိ-မရှိ၊ သက်တမ်းလွန်ကုန်စည်များရောင်းချမှု ရှိ-မရှိ၊ သတ်မှတ်စံချိန်စံနှုန်းနှင့် ကိုက်ညီမှုရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မြန်အောင်မြို့နယ် မြို့မနေခြည်ဈေးအတွင်းရှိ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များ၊ လေးမျက်နှာမြို့နယ် မြို့ပေါ်ရပ်ကွက်များရှိ မုန့်ဟင်းခါးဖတ်လုပ်ငန်းများ၊ ကျောင်းကုန်းမြို့နယ်၊ ဇလွန်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ဓနုဖြူမြို့နယ်၊ မအူပင်မြို့နယ်၊ အိမ်မဲမြို့နယ်၊ မြောင်းမြမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ မော်ကျွန်းမြို့




နယ်များရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များနှင့် မုန့်ဆိုင်များအား ကွင်းဆင်း၍ ကုန်အညွှန်းအမှတ်အသားဖော်ပြထားခြင်းရှိ-မရှိ၊ သက်တမ်းလွန်မုန့်များ ရောင်းချမှုရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ မအူပင်မြို့နယ်ရှိ ရေသန့်စက်လုပ်ငန်း၊ ဓနုဖြူမြို့နယ် နန်းတော်ကုန်းကျေးရွာရှိ ဆန်စက်၊ ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာရှိ ခွန်အားဆန်စက်တို့အား ကွင်းဆင်း၍ ဆန်စပါးလက်ကျန်အခြေအနေ၊ ဆန်ကြိတ်ခွဲ ထုတ်လုပ်မှုအခြေအနေနှင့် ဆန်ဈေးနှုန်းဈေးကွက်အခြေအနေများအား ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း၊ မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ဓနုဖြူမြို့နယ်များရှိ ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့ရာ သက်ဆိုင်ရာ ထောက်ခံချက်များ ပါဝင်မှုရှိ-မရှိ၊ ဆေးဝါးပြတ်လတ်မှု ရှိ-မရှိ၊ သက်တမ်းလွန်ဆေးဝါးများ ရောင်းချနေမှု ရှိ-မရှိနှင့် ဈေးနှုန်းဈေးကွက်အခြေအနေများအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းမြို့နယ်များရှိ ကုန်မျိုးစုံဆိုင်များရှိ ဆီဘူးများတွင် ကုန်အညွှန်းပြည့်စုံခြင်းရှိ-မရှိ၊ စားအုန်းဆီဆိုင်များတွင် ရည်ညွှန်းဈေးဖြင့် ရောင်းချခြင်းရှိ-မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: တိုင်းဒေသကြီးဦးစီးမှူးရုံးများ**



## ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် ပြည်နယ်များအလိုက် စားသုံးသူရေးရာကော်မတီက သတ်မှတ်ပေးထားသည့် တစ်နှစ်စာအတွင်း ဦးစားပေးဆောင်ရွက်မည့် ကုန်စည် (၁၀) မျိုးကိုလည်းကောင်း၊ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က ဦးစားပေးဆောင်ရွက်ရန် အတည်ပြုသတ်မှတ်ထားသည့် ဝန်ဆောင်မှုကဏ္ဍ ၃ ရပ်ကိုလည်းကောင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း ဆောင်ရွက်မှုများအနေဖြင့်-

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ ရှမ်းစုတောင်ရပ်ကွက်၊ မြို့မရပ်ကွက်၊ လယ်ကုန်းရပ်ကွက်၊ ယုဇနရပ်ကွက်၊ မြေမြင့်ရပ်ကွက်၊ မြို့သစ်ကြီးရပ်ကွက်၊ တပ်ကုန်းရပ်ကွက်နှင့် ကျွန်းပင်သာရပ်ကွက်တို့ရှိ ကုန်စုံဆိုင်များ၊ မန်ခိန်ရပ်ကွက်ရှိ အမှတ် (၂) အ. မ. က ကျောင်း မုန့်ဈေးဆိုင်နှင့် စတိုးဆိုင်၊ မြို့မရပ်ကွက် စည်ပင်သာယာဈေးတိုက်တန်းရှိ ကုန်စုံဆိုင်၊ စက်မှုဇုန်ရပ်ကွက်ရှိ လပ်ကီးမုန့်တိုက်၊ အင်ဂျန်ဒုံ(မြောက်)ရပ်ကွက်ရှိ ဆေးဆိုင်၊ မိုးညှင်းမြို့ သီတာရပ်ကွက်၊ မြို့မရပ်ကွက်၊ အုတ်ကျင်းရပ်ကွက်၊ အောင်သပြေရပ်ကွက်၊ နောင်စွန်းရပ်ကွက်နှင့် နားခါရပ်ကွက်တို့ရှိ ကုန်စုံဆိုင်များ၊ အမှတ် (၂) စည်ပင်သာယာဈေးရှိ ကုန်စုံဆိုင်များ၊ အောင်သပြေရပ်ကွက် သောက်ရေသန့်စက်ရုံ၊ နောင်စွန်းရပ်ကွက်ရှိ ဆေးဆိုင်၊ အမှတ် (၂) အ. ထ. က ကျောင်းမုန့်ဈေးဆိုင်၊ စိမ်းတောင်ရပ်ကွက်ရှိ စတိုးဆိုင်တို့သို့ သွားရောက်၍ အသင့်စားမုန့်အမျိုးမျိုး၊ အေးခဲအစားအစာအမျိုးမျိုး၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး၊ အသင့်ဖျော်ကော်ဖီနှင့် လဖက်ရည်ထုပ်အမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုး၊ ငရုတ်ဆီနှင့် အချဉ်ရည်အမျိုးမျိုး၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်အမျိုးမျိုး၊ ကလေးအသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ ဆေးဝါးနှင့်ဖြည့်စွက်စာအမျိုးမျိုး၊ သောက်ရေသန့်အမျိုးမျိုးတို့ကို ဘေးအန္တရာယ်ကင်းရှင်းမှုရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြထားခြင်းရှိ-မရှိ၊ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေခြင်း ရှိ-မရှိ၊ စံမညီဆေးဝါးများ ဈေးကွက်အတွင်း ရောင်းချခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ဘားအံမြို့ရှိ အ. မ. က (၇) ကျောင်းမုန့်ဈေးတန်း၊ အမှတ် (၇) ရပ်ကွက်အတွင်း ရောင်းချနေသော ဆေးဆိုင်များနှင့် ရပ်ကွက်လက်လီဆိုင်များသို့ သွားရောက်၍ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ သက်တမ်းလွန်နေ

*စာမျက်နှာ ၁၄ ကော်လံ ၁ သို့*